http://www.dhammadownload.com

မကောင်းမှုကိုရှောင် ကောင်းမှုကိုဆောင် ဖြူအောင်စိတ်ကိုထား အဲဒါ ဗုဒ္ဓဘုရားရှင်ရဲ့ဆုံးမစကား

ပန်းချီ ဂါတွန် စီစဉ်ရေးဆွဲသည့်

ရွှေမောင်

ခမ္မ ရသ သုတ ရှစ်စုံ

ဆေးရောင်စုံရုပ်ပြ

No.8 February , 2012

Shwe Moung Colourful Mini Comic

ပိစိကွေး နှင့် ဘုတ်အိမ ပါဝင်သည် နှစ်ကျိုတ်ရှစ်ဆူ ဟူသည်

"ဆရာသမား"ကို ဒုက္ခပေးသော"တပည့်"၊
"မိဘ"ကို ဒုက္ခပေးသော"သား-သမီး"၊
"ကျေးဇူးရှင်"ကို "ကျေးဇူးကန်းသောသူ"တို့သည်
မည်သည့်အခါမှမကြီးပွား၊ကြီးပွားသော်လည်း တာရှည်မခံ၊
ထိုသူတို့သည်"မကြာမီ" "ဝင့်"ပြန်လည်ကြရပေလိမ့်မည်။
မဟာမြိုင်တောရဆရာတော် ဘဒ္ဒန္တဇောတိက



http://www.dhammadownload.com

"ပိစိကျော်"နှင့်"ဘုတ်အိမ"တို့ကျောင်းဆင်း၍
ကျောင်းကားဖြင့် အိမ်သို့အပြန်လမ်းတွင်---

လမ်းပိတ်နေသဖြင့် ကျောင်းကားကတော်ရုံနှင့်
ထွက်မရဖြစ်နေလေ၏။ လမ်းပိတ်ရခြင်းအကြောင်းမှာ
ရပ်ကွက်တစ်ခုမှကျင်းပပြုလုပ်သော"နှစ်ကျိတ်ရှစ်ဆူ"
ပူဇော်ပဲ့ ကားတန်းကြီး လှည့်လည်နေသောကြောင့်
ဖြစ်လေသည်။

ဖိုက်ဆာရတဲ့အထဲ
ကားလမ်းက--ဘာလို့
ပိတ်နေရတာလဲ
မသိဘူးကွာ

နှစ်ကျိတ်ရှစ်ဆူ
ပူဇော်ပဲ့--လှည့်လာတာ တဲ့--
ပိစိကျော်--ရဲ့

ဗျာ--"နှစ်ကျိတ်ရှစ်ဆူ"
ဆိုတာ--ဘာလဲဟင်--မမ

"တစ်ကျိတ်"ဆိုတာ--"တစ်ဆယ်"ကို
ပြောတာ--"နှစ်ကျိတ်ရှစ်ဆူ"ဆိုတော့
ဘုရား"နှစ်ဆယ့်ရှစ်ဆူ"ပေါ့--ဟ


ဘာ--"နှစ်ဆယ့်ရှစ်ဆူ"
ဟုတ်လား--မမ--ဗုဒ္ဓမြတ်စွာဘုရားက
အဲဒီလောက်တောင်အများကြီး
ရှိလို့လား--ဟင်--


http://www.dhammadownload.com



http://www.dhammadownload.com

ထိုနေ့က--အတော်မိုးချုပ်မှ အိမ်သို့ပြန်ရောက်ကြသည်။ "ပိစိကျော်" တို့၏ ဖေဖေ နှင့် မေမေ နှင့် တစ်အိမ်သားလုံးက အချိန်တန်၍ အိမ်ပြန်ရောက်မလာသော သူတို့မောင်နှမအတွက်--စိတ်ပူလှန်း၍ ထိုင်မရထမရ ဘာလုပ်ရမည်မသိဖြစ်နေကြရသည်မဟုတ်ပါလား။





http://www.dhammadownload.com

နောက်တစ်နေ့နံနက်တွင်--အဘွားမုံ၏ အသက်(၇၅)နှစ်ပြည့်မွေးနေ့အတွက် သံဃာတော်(၅)ပါးကို နေ့ဆွမ်း ကပ်လှူပြီးသောအခါ---

ဘုန်းဘုန်း--ဘုရား တပည့်တော် မရှင်းတာလေးရှိလို့ မေးပါရစေဘုရား--

ဟဲ့--ဒီကလေးတွေ ဘာလျှာရှည်ဦးမှာတုန်း--

မေးပါစေ--ဒကာမကြီးရယ် ကျုပ်တို့ကလည်း--ဟောဒီလို--ကလေးတွေမေးလာရင် ပြောပြချင်နေတာပါ--ကဲ--ပြောစမ်းပါဦး--ဒကာမလေး "ဘုတ်အိမ" က ဘာကိုသိချင်လို့လဲ

မနေ့က ကျောင်းဆင်းတော့ လမ်းမှာ--"နှစ်ကျိတ်ရှစ်ဆူ" ပူဇော်ပဲ့လှည့်တာနဲ့ ကြုံခဲ့ပါတယ်--ဘုရား--အဲဒီ "နှစ်ကျိတ်ရှစ်ဆူ" ဆိုတာ ဘာကိုပြောတာလဲ--သိချင်လို့ပါ ဘုရား--

ဩော်--"နှစ်ကျိတ်ရှစ်ဆူ" ဆိုတာ လှူန်ခဲ့တဲ့ လေးသခြေနဲ့ ကမ္ဘာတစ်သိန်းကာလ ကနေ အခုအချိန်ထိ ပွင့်တော်မူခဲ့တဲ့ သဗ္ဗညုတ "ဗုဒ္ဓ" ဘုရားရှင် နှစ်ဆယ့်ရှစ်ဆူ ကို ပြောကြတာလေ

"ဗုဒ္ဓ" ဘုရားရှင်တွေ ဘယ်လောက်ပွင့်တော်မူခဲ့သလဲဆိုရင် အိန္ဒိယပြည်မှာရှိတဲ့ ဂင်္ဂါမြစ်ကမ်းက သဲပွင့်တွေရဲ့ အရေအတွက်ထက်တောင် များပြားတဲ့ ဗုဒ္ဓဘုရားရှင်တွေ ပွင့်တော်မူခဲ့တယ်လို့ ဒကာလေးတို့ သိထားကြပေါ့--နော်


"လေးအသချေါနဲ့ ကမ္ဘာတစ်သိန်း" ကာလက
စတင်ပြီးတော့ အခုအချိန်အထိ ပွင့်တော်မူခဲ့တဲ့ "ဗုဒ္ဓဘုရားရှင် နှစ်ဆယ့်ရှစ်ဆူ"
ရဲ့ဗုဒ္ဓဝင်(ဗုဒ္ဓဘုရား၏အကြောင်း)အကျဉ်း ကို ဒီနေ့ပြောပြပါ့မယ်
ဒကာမကြီးက လည်း မသိသေးရင်
မှတ်ထားကြပေါ့--
"သဗ္ဗညုတ ဗုဒ္ဓ" ဘုရားရှင်တွေရဲ့
အလုံးစုံသော ဗုဒ္ဓဂုဏ်တော်တွေဟာ မတူကွဲပြားမှုမရှိဘဲ
အားလုံးအတူတူပဲ လို့ သိထားကြပါ
ဒါပေမယ့်--ဘုရားတစ်ဆူနဲ့တစ်ဆူ
မတူတဲ့ အချက်ရှစ်မျိုးရှိတယ်--အဲဒါက
ဘာတွေလဲဆိုတော့--
၁။ သက်တမ်းပမာဏ(အသက်ရှည်ခြင်း၊တိုခြင်း)
၂။ လုံးရပ်ပမာဏ(အရပ်၊ကိုယ်လုံးအရွယ်)
၃။ အမျိုးအနွယ်
၄။ တောထွက်သည့်အခါ စီးသည့်ယာဉ်
၅။ ဗောဓိပင်(ဘုရားအဖြစ် ရောက်သည့်အချိန်တွင်
ထိုင်တော်မူရသည့်သစ်ပင်)
၆။ ပလ္လင်တော်အရွယ်အစား
၇။ ဒုက္ကရစရိယာကျင့်တော်မူရသည့်ကာလ
၈။ ရောင်ခြည်တော်၏အဝန်းပမာဏ
တို့ပဲ တစ်ဆူနဲ့တစ်ဆူ မတူကွဲပြားကြပါတယ်--
အဲဒီ--ရှစ်မျိုး ကလွဲရင်--
ဗုဒ္ဓဘုရားရှင်ရဲ့လက္ခဏာတော်ကြီးငယ်တွေအားလုံး အတူတူပဲ
ဖြစ်သလို--ဟောကြားတော်မူကြတဲ့ ဗုဒ္ဓတရားတော်တွေဟာလဲ
အတူတူပဲဖြစ်ပါတယ်--

http://www.dhammadownload.com



http://www.dhammadownload.com

(ဘုရားငယ်)ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ

အဲဒီလို(၁၀)နှစ်တာမ်းကနေ
လူတွေဟာ (အကုသိုလ်၊ ဒုစရိုက်)မကောင်းမှုတွေကို
မပြုကြတော့ဘဲ ကောင်းမှု(ကုသိုလ်၊သုစရိုက်)တွေနဲ့
နေထိုင်လာကြတဲ့အခါ--

လူတို့ရဲ့သက်တမ်းဟာ အနှစ်(၁၀၀)
အနှစ်တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်း ကနေ
နှစ်ပေါင်း အသင်္ချေ(သင်္ချာဂဏန်းနဲ့ ရေးပြလို့မရတဲ့ နှစ်ပေါင်း)
အထိ အသက်ရှည်လာကြပြန်တယ်--ဒါကို
"တက်ကပ်"(သက်တမ်းရှည်လာတဲ့ကမ္ဘာ)လို့
ပြောကြတာပေါ့--

ဒီလို--သက်တမ်း တိုလာလိုက်--ရှည်လာလိုက်
(တက်ကပ် နဲ့ ဆုတ်ကပ်) ကာလတစ်ခုကို-- "အန္တရကပ်"လို့ခေါ်တယ်
နည်းနည်း ရှုပ်သလိုဖြစ်ပေမယ့် သေသေချာချာမှတ်ထားကြ--နော်

"အန္တရကပ်"ပေါင်း--(၂၅၆)ကြိမ်ကို
"မဟာကပ်"လို့ပြောကြတယ်--ဒါကိုပဲ "တစ်ကမ္ဘာ"လို့
ခေါ်ကြတာလေ--ဒီတော့--လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းဆိုရင်
ဘယ်လောက်ကြာလိမ့်မလဲ --

"မဟာကပ်"မှာလည်း--
"သုညကပ်"(သုညကမ္ဘာ)နဲ့ "အသုညကပ်"(အသုညကမ္ဘာ)
ဆိုပြီးနှစ်မျိုးရှိတယ်---

"သုညကပ်"(သုညကမ္ဘာ)ကာလမှာ
"သဗ္ဗညုတဗုဒ္ဓဘုရား"မပွင့်တဲ့ ကာလဖြစ်လို့
"သာသနာပ ကာလ"လို့ပြောကြတယ်

အဲဒီကာလမှာ ဘုရားမပွင့်ပေမယ့်
"ပစ္စေကဗုဒ္ဓါ"အဆူပေါင်းများစွာပွင့်တော်မူတယ်
"ပစ္စေကဗုဒ္ဓါ"ကို အချို့က "ဘုရားငယ်"လို့ ခေါ်ကြတယ်လေ
ပစ္စေကဗုဒ္ဓါဟာ တစ်ချိန်တည်းမှာ ရာထောင်နဲ့ချီပြီး
ပွင့်နိုင်တယ်--

"ပစ္စေကဗုဒ္ဓါ"ဆိုတာ ဘာလဲဆိုတာ
ကိုတော့--နောက်အခါသင့်မှဘဲ--ထပ်ရှင်းပြမယ်--
အခုတော့--ဗုဒ္ဓဘုရားရှင် နှစ်ကျိတ်ရစ်ဆူ---အကြောင်း
ဆက်ကြဦးစို့--

http://www.dhammadownload.com

"အသုညကပ်" (အသုညကမ္ဘာ)မှာတော့
"သဗ္ဗညုတဖုဒ္ဓ" ဘုရားရှင် ပွင့်တော်မူတဲ့ကာလလို့ပြောနိုင်တယ်
ဒါပေမယ့် "တက်ကပ်" ကာလမှာ ဘုရားရှင်မပွင့်ဘဲ
ဆုတ်ကပ်ကာလမှာသာ ဘုရားရှင်ပွင့်တော်မူတယ်

"ဆုတ်ကပ်" ကာလမှာတောင်--
အသက်တစ်သိန်းတမ်း နဲ့ တစ်ရာတမ်း အကြားမှာသာပွင့်တော်မူပြီး--
အသက်တစ်သိန်းတမ်းအထက်ကာလနဲ့အသက် တစ်ရာအောက်--
ဆယ်ဂဏန်းကာလ(ယခုကာလ)တို့မှာ ဘုရားမပွင့်နိုင်ဘူး
လို့မှတ်ထားပါ

သဗ္ဗညုတဖုဒ္ဓမြတ်စွာဘုရား

အဲဒီလို ဘုရားပွင့်တဲ့အခါမှာလည်း
ဘုရားပွင့်တော်မူရာ အရေအတွက်ကိုလိုက်ပြီး
(၅)မျိုးခွဲထားပြန်တယ်--

ဘုရားတစ်ဆူပွင့်တဲ့ကမ္ဘာ ကို "သာရကမ္ဘာ"
ဘုရားနှစ်ဆူပွင့်တဲ့ကမ္ဘာ ကို "မဏ္ဍကမ္ဘာ"
ဘုရားသုံးဆူပွင့်တဲ့ကမ္ဘာကို "ဝရကမ္ဘာ"
ဘုရားလေးဆူပွင့်တဲ့ကမ္ဘာကို "သာရမဏ္ဍကမ္ဘာ"
ဘုရားငါးဆူပွင့်တဲ့ကမ္ဘာကို "ဘဒ္ဒကမ္ဘာ" လို့
သတ်မှတ်ခေါ်ကြတယ်

အခု ဒကာတို့ရှိနေတဲ့
ကမ္ဘာကို ဘုရားငါးဆူပွင့်တဲ့ကမ္ဘာဖြစ်လို့
"ဘဒ္ဒကမ္ဘာ" လို့ မှတ်ထားကြ--နော်


အဲဒီ "သဗ္ဗညုတဖုဒ္ဓ" လို့ပြောတဲ့
ဖုဒ္ဓမြတ်စွာဘုရားရှင် ဆိုတာ တစ်ခါပွင့်ရင် တစ်ဆူသာ
ပွင့်တော်မူတယ်--ပြီးတော့ လောကသားတွေကို
ဖုဒ္ဓတရားတော်တွေဟောကြားဆုံးမပြီး
"နိဗ္ဗာန်" သို့မျက်မှောက်ပြုနိုင်အောင်
သွန်သင်ဆုံးမနည်းလမ်းပြ
တော်မူကြတယ်

ဘုရားရှင်ပွင့်တော်မူရာ
ကာလမှာ လူဖြစ်ဖို့ အလွန်ခက်ခဲတယ်
ဖုဒ္ဓဘုရားရှင်သာသနာ တွင်း ကာလမှာလည်း
လူဖြစ်ဖို့ရာအလွန်ခဲယဉ်းတယ်--
ဒါကြောင့်--


"ဘုရားသာသနာကြုံဖို့ရာ--လွန်စွာခဲယဉ်းသည်၊
ကြုံခဲလှစွာသာသနာ--ခုအခါကြုံရပြီ--
ဒါန--သီလ--ဘာဝနာ ပြုကာနေရမည်" လို့
ဆရာတော်ကြီးတွေက ဆုံးမခဲ့ကြတာပေါ့

http://www.dhammadownload.com

အန္တရကပ် တစ်ခုတွင် လူတို့၏သက်တမ်း လည်ပတ်ပုံ









Cyan Magenta Yellow Black

http://www.dhammadownload.com

အမှတ်စဉ် (၅) "တဏှာက်ရာ" ဗုဒ္ဓမြတ်စွာဘုရား




http://www.dhammadownload.com




http://www.dhammadownload.com

အမှတ်စဉ် (၂) "မေဓင်္ကရာ" ဗုဒ္ဓမြတ်စွာဘုရား




နှစ်ဆူမြောက် ဗုဒ္ဓဘုရားရှင်က "မေဓင်္ကရာ" ဗုဒ္ဓမြတ်စွာဘုရားလို့ ဘွဲ့တော်အမည်ရတယ်--

"မေဓင်္ကရာ" (မေဓင်ကရာ)ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူရာကာလဟာ--လူတို့ရဲ့သက်တမ်း အနှစ်ကိုးသောင်းတမ်းကာလမှာ ပွင့်တော်မူခဲ့တာ--



"ကာသိဝတီ" တိုင်းရဲ့ မင်းကြီး "အဂ္ဂိသေန" နဲ့ မိဖုရား "သုမာလာ" တို့ထံကနေ "မေဓင်္ကရာ" ဘုရားလောင်း မင်းသားလေးကို (တနင်္ဂနွေနေ့ မှာ)ဖွားမြင်တော်မူခဲ့တယ်



အရွယ်ရောက်လို့--ကြင်ယာတော်နဲ့ လက်ထပ်ထိမ်းမြားပြီး မကြာမီမှာပဲ--သူအို၊ သူနာ၊ သူသေ၊ရဟန်း ဆိုတဲ့ နိမိတ်ကြီးလေးပါးကို မြင်တော်မူပြီးတဲ့အခါ--လူဘဝရဲ့ "ဆင်းရဲဒုက္ခ" တွေကိုသိမြင် သံဝေဂရတာကြောင့်--



သားတော်လေးဖွားမြင်ကာစ အချိန်မှာပဲ သူရဲ့ထီးနန်းစည်းစိမ်ချမ်းသာ၊ ဇနီး၊ သားတော်တို့ကို စွန့်လွှတ်ပြီး တောထွက်တော်မူခဲ့တယ်--



အဲဒီနောက်--ရဟန်းအဖြစ်ကို ခံယူပြီး လူတို့နဲ့ဝေးရာ တောထဲမှာပဲ ကျင့်ကြံအားထုတ်ပြီး ဒုက္ကရစရိယာ (၆)လကျင့်တော်မူခဲ့ရတယ်


အဲဒီနောက် ဘုရားဖြစ်ကြောင်းအမှန် "မဇ္ဈိမပဋိပဒါ" လို့ခေါ်တဲ့ အလယ်အလတ်ကျင့်ကြံမှုကို သိမြင်တော်မူပြီး--

သရက်ဖြူပင် (ဗောဓိပင်)အောက်က ပလ္လင်ထက်မှာ ထိုင်တော်မူလျက်--ဘုရားဖြစ်ရမယ့် တရားတို့ကို ရှုမှတ်နေတယ်

http://www.dhammadownload.com



အဲဒီအခါမှာ--လောကကြီးမှာ
ဗုဒ္ဓဘုရားပွင့်တော်မူမှာကို--မလိုလားတဲ့
မာရ်နတ်မင်းကြီးဟာ--မေဓင်္ကာရဘုရားလောင်းထိုင်
နေတဲ့ သရက်ဖြူဗောဓိပင်နဲ့ ပလ္လင်တော်ကို
လုယူဖို့ ကြိုးစားတယ်လေ--



ဘုရားလောင်း ဟာ လက်နက်ဆန်း
မျိုးစုံနဲ့ တိုက်ခိုက်လာတဲ့ မာရ်နတ်မင်းကြီးနဲ့ အပေါင်းပါတွေကို
"မေတ္တာ" ဆိုတဲ့ လက်နက်နဲ့သာ အနိုင်ယူခဲ့တာကြောင့်
မာရ်နတ်ကြီးထွက်ပြေးသွားရတာပေါ့

အဲဒီနောက်--မေဓင်္ကာရ ဘုရားလောင်းဟာ
ဗုဒ္ဓဘုရားတို့ရဲ့ သဗ္ဗညုတဉာဏ်တော်ကိုရရှိလို့
"မေဓင်္ကာရ" ဗုဒ္ဓဘုရားရှင်အဖြစ် ရောက်ရှိ
တော်မူခဲ့တယ်

"မေဓင်္ကာရ" ဗုဒ္ဓဘုရားရှင်ရဲ့
အရပ်တော်(ဉာဏ်တော်)အမြင့်ကတော့
အတောင်ရှစ်ဆယ်ရှိတယ်လို့--ဆိုတယ်

"ဂေါတမ" ဘုရားအလောင်းတော်ဟာ
"မေဓင်္ကာရ" ဗုဒ္ဓဘုရားရှင် ပွင့်တော်မူစဉ်ကလည်း
"နိယတဗျာဒိတ်" ပေးတော်မူခြင်း
မခံခဲ့ရသေးဘူးလေ--

ကဲ--"မေဓင်္ကာရ" ဗုဒ္ဓ
မြတ်စွာဘုရားရှင်ရဲ့ဗုဒ္ဓဝင်အကျဉ်းကတော့
ဒီလောက်ပါပဲ--

http://www.dhammadownload.com

အမှတ်စဉ် (၃) "သရဏာဂံရာ" ဗုဒ္ဓမြတ်စွာဘုရား





"နှစ်ဆယ့်ရှစ်ဆူ"ထဲက
သုံးဆူမြောက်--ပွင့်တော်မူတဲ့ဗုဒ္ဓမြတ်စွာဘုရားရှင်ကတော့
"သရဏာဂံရာ"(သရနှင်ကရာ-ဟုအသံထွက်ရမည်)ဗုဒ္ဓမြတ်စွာ
ဘုရားရှင်တော်မြတ် လို့မှတ်ထားကြပါ--



သက်တော် ကိုးသိန်းတမ်းမှာပွင့်တော်မူတဲ့
"သရဏာဂံရာ"ဗုဒ္ဓလောင်းလျာမင်းသားလေးကို--
"ခေမာ"တိုင်း--ပြည့်ရှင် "သုဘိန္နမင်း"ရဲ့မိဖုရားကြီး
"သီရိမာလာ"က--(တနလ်ာနေ့မှာ)ဖွားမြင်တော်
မူသတဲ့



ဗုဒ္ဓဘုရားရှင်တို့ရဲ့--အစဉ်အလာအတိုင်း
အရွယ်ရောက်လို့--ထိမ်းမြားလက်ထက်ပြီးလို့--သားတော်တစ်ပါး
ဖွားမြင်ပြီးတဲ့အခါ--သူအို--သူနာ--သူသေ--ရဟန်း ဆိုတဲ့
နိမိတ်ကြီးလေးပါးကိုမြင်ခဲ့ရတာကြောင့်--

ထီးနန်းစည်းစိမ်၊ ဇနီး သားတို့ကို
စွန့်ခွာလို့--တောထွက်တော်မူခဲ့တာပေါ့--
အဲဒီနောက်--ရဟန်းပြုပြီးတော့--ဗုဒ္ဓဘုရား
ဖြစ်ဖို့--ကျင့်ကြံအားထုတ်
တော်မူတယ်--

"သရဏာဂံရာ"ဗုဒ္ဓလောင်းလျာ
ရဟန်းဟာ--ဒုက္ကရစရိယာ(၃)လ ကျင့်ကြံတော်မူပြီးတဲ့နောက်
အလယ်အလတ်ကျင့်စဉ်"မဇ္ဈိမပဋိပဒာ ကျင့်စဉ်"ကို
သိမြင်တော်မူခဲ့တယ်



အဲဒီနောက်--
"ညောင်ကြတ်ပင်"ဗောဓိပင်ရဲ့
အောက်က ပလ္လင်တော်ထက်မှာ
ထိုင်တော်မူပြီး--ကျင့်ကြံအားထုတ်လို့
ဘုရားအဖြစ်သို့ ရောက်လု
ဆဲဆဲမှာ--



လူလောကမှာ--ဗုဒ္ဓဘုရားပွင့်တာကို
မလိုလားတဲ့--မာရ်နတ်မင်းကြီးက ရောက်လာပြီး--ဗောဓိပင်နဲ့
ရွှေပလ္လင်တော်ကို သိမ်းပိုက်ဖို့အတွက် တန်ခိုးမျိုးစုံ
လက်နက်မျိုးစုံသုံးပြီး--တိုက်ခိုက်တာပေါ့
ဒါပေမယ့်--ဘုရားရှင်ရဲ့
မေတ္တာတော်အစွမ်းကြောင့်--မာရ်နတ်ကြီး ဟာ
အဝေးကိုထွက်ပြေးခဲ့ရတာပဲပေါ့--
မာရ်နတ်မင်းကြီးကို--အောင်မြင်တော်မူပြီးတဲ့နောက်
"သရဏာဂံရာ" ဗုဒ္ဓလောင်းလျာ--ရဟန်းဟာ မလှော့သောဇဲ့၊လုံ့လ
တို့နဲ့ ဆက်လက်ကျင့်ကြံအားထုတ်ခဲ့တာကြောင့်--
ဗြဟ္မာ၊နတ်၊လူတို့ ကိုးကွယ်ရာ--ဗုဒ္ဓမြတ်စွာဘုရား
အဖြစ်ကို--ရောက်ရှိခဲ့ရတယ်
"သရဏာဂံရာ" ဗုဒ္ဓမြတ်စွာဘုရားရှင်ရဲ့
(အရပ်အမြင့်)ဉာဏ်တော်ကတော့--အတောင်(၉၀)
ရှိတယ်--လို့မှတ်ထားကြပါ--
"သရဏာဂံရာ" ဗုဒ္ဓမြတ်စွာဘုရားရှင်
ကိုယ်တော်မြတ်ကြီးဟာ ဘုရားလေးဆူပွင့်တဲ့
"သာရမဏ္ဍကမ္ဘာ" ရဲ့သုံးဆူမြောက် ဘုရားပေါ့--တို့ရဲ့"ဂေါတမ"
ဗုဒ္ဓဘုရားလောင်း ဟာဆိုရင်"သရဏာဂံရာ" ဗုဒ္ဓဘုရားရှင်
ထံမှာလည်း--"နိယတဗျာဒိတ်"
မရခဲ့သေးဘူး--ဒကာလေးရဲ့--
ကဲ--အမှတ်စဉ်(၃)ဖြစ်တဲ့
"သရဏာဂံရာ" ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့
ဗုဒ္ဓဝင်အကျဉ်းကတော့--ဒီလောက်ပါပဲ

http://www.dhammadownload.com

အမှတ်စဉ် (၄) "ဒီပင်္ကရာ" ဗုဒ္ဓမြတ်စွာဘုရား




နှစ်ကျိုတ်ရှစ်ဆူ
ဗုဒ္ဓဘုရားရှင်တွေထဲက လေးဆူမြောက်
ပွင့်တော်မူတဲ့--ဗုဒ္ဓမြတ်စွာဘုရားရှင်ကတော့
"ဒီပင်္ကရာ"(ဒီပင်ကရာ)ဗုဒ္ဓ
မြတ်စွာဘုရားရှင်ပေါ့



"ဒီပင်္ကရာ"ဗုဒ္ဓမြတ်စွာဘုရားအလောင်းတော်
မင်းသားငယ်ကို-- "ရမ္မာဝတီ"တိုင်းပြည် ရဲ့ဘုရင်
"သုဒေဝမင်းကြီး"နဲ့"သုမေဓာ"မိဖုရားကြီးတို့က
(အဂိါနေ့ မှာ)ဖွားမြင်တော်မူခဲ့သတဲ့--


"ဒီပင်္ကရာ"ဘုရားလောင်းမင်းသား
အရွယ်ရောက်တဲ့အခါ--"ရမ္မာဝတီပြည်"ရဲ့မင်းကြီးအဖြစ်
ထီးနန်းအုပ်ချုပ်မင်းလုပ်တော်မူခဲ့ရပြီး နှစ်ပေါင်းတစ်သောင်း
တိုင်အောင် မင်းစည်းစိမ်တော့ခံစားခဲ့တယ်



အဲဒီကာလက
လူတို့ရဲ့သက်တမ်းဟာ
နှစ်ပေါင်းတစ်သိန်း
အသက်ရှည်တဲ့
ကာလဆိုပဲ--

"ဒီပင်္ကရာ"မင်းသားဟာ
ဘုရားလောင်းတို့၏ ထုံးစံအတိုင်း
သူအို၊ သူနာ၊ သူသေ နိမိတ်ကြီးလေးပါး
ကိုမြင်ရတဲ့အခါ တစ်နေ့မှာ အခုလိုပဲ
အိုရမယ်၊ နာရမယ်၊ သေရမယ်
ဆိုတဲ့ အသိစိတ်သံဝေဂ
ရတော်မူပြီး--

"ဒီပင်္ကရာ"ဘုရားလောင်းမင်းသားရဲ့
ကြင်ယာတော်မိဖုရားက"ပဒုမာဒေဝီ"ပေါ့
သားတော်ရဲ့အမည်က"ဥသဘက္ခန္ဓ"
(အုသဘက်ခန်ဓ--ဟုဖတ်ပါ)လို့
အမည်ရသတဲ့



မင်းစည်းစိမ်၊ ထီးနန်း နဲ့တကွ မိဖုရား၊ သားတော်
တို့ကိုပါ စွန့်ခွာပြီး တောထွက်တော်မူတယ်--၊"ဒီပင်္ကရာ"ဘုရားလောင်း
တောထွက်တဲ့အခါ--ဆင်ယာဉ်ပေါင်းရှစ်သောင်းလေးထောင်
ခြံရံပြီး ကိုယ်တိုင်က စီးတော်ဆင်ထက်မှာစီးလို့
တောထွက်တော်မူသတဲ့



ဥယျာဉ်တော်ကိုရောက်တဲ့အခါ
ကျောက်ဖျာထက်မှာထိုင်တော်မူရင်း
"ရဟန်း"ပြုလိုတဲ့ဆန္ဒဖြစ်လာသတဲ့--အဲဒီအခါ--
"သုဒ္ဓါဝါသ"ဆိုတဲ့ဗြဟ္မာဘုံက"မဟာဗြဟ္မာ"ကြီးက
ဘုရားအလောင်းတော်ရဟန်းပြုဖို့အတွက်--
သင်္ကန်း အစရှိတဲ့ ပရိက္ခရာရှစ်ပါးကို
လာရောက် ပေးလှူတယ်--

http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com




Cyan Magenta Yellow Black

http://www.dhammadownload.com




http://www.dhammadownload.com

အမှတ်စဉ် (၅) "ကောဏ္ဍည" ဗုဒ္ဓမြတ်စွာဘုရား









* တိုင်းပြည် = "ရမ္မာဝတီပြည်"
* ခမည်းတော် = "သုနန္ဒမင်း"
* မယ်တော် = "သုဇာတာ"မိဖုရား
* မွေးဖွားသည့်နေ့ = ဗုဒ္ဓဟူးနေ့
* ကြင်ယာတော် = "ရုစိဒေဝီ"
* သားတော် = "ဝိဇိတသေန"
* တောထွက်သည့်အခါ
  စီးသည့်ယာဉ် = မြင်းရထား
* ဒုက္ကရစရိယာ
  ကျင့်ရသည့်ကာလ= ၁၀ လ
* ဗုဒ္ဓဘုရားဖြစ်တော်မူရာ
  ဗောဓိပင် = ကြောင်လျှာဗောဓိပင်
* အရပ်တော်အမြင့် = ၈၈ တောင်
* အလုပ်အကျွေး
  တပည့်ရဟန်း = ရှင်အနုရုဒ္ဓါ
* လက်ယာရံ
  တပည့်ရဟန်း = အရှင်ဘဒ္ဒ
* လက်ဝဲရံ
  တပည့်ရဟန်း = အရှင်သုဘဒ္ဒ
* သက်တော် = နှစ်ပေါင်းတစ်သိန်း

http://www.dhammadownload.com


အမှတ်စဉ် (၆) "မဂ်လ" ဗုဒ္ဓမြတ်စွာဘုရား



အမှတ်စဉ်(၆) ကတော့
"မဂ်လ" ဗုဒ္ဓမြတ်စွာဘုရားပေါ့--
လွန်ခဲ့တဲ့--နှစ်အသခ္ခေ်နဲ့ ကမ္ဘာတစ်သိန်းကာလ
ဘုရားလေးဆူပွင့်တဲ့ သာရမဏ္ဍကမ္ဘာ ရဲ့
လူသားတွေ နှစ်ပေါင်း ကိုးသောင်းအသက်ရှည်တဲ့
ကာလမှာ ပွင့်တော်မူခဲ့တယ်လေ



"သုရဘိ" ပုဏ္ဏားဟာ
နောင်အခါမှာ-- "ဂေါတမ" ဘဲ့အမည်ရှိတဲ့
ဗုဒ္ဓဘုရားတစ်ဆူ ဖြစ်လာလိမ့်မယ်
ချစ်သားရဟန်းတို့



အဲဒီကာလမှာ--
တို့ရဲ့ "ဂေါတမ" ဗုဒ္ဓမြတ်စွာဘုရားလောင်းဟာ
ဗေဒင်အတတ်ကျွမ်းကျင်တဲ့ "သုရဘိ" ပုဏ္ဏားဘဝပေါ့--
"မဂ်လ" မြတ်စွာဘုရားနဲ့တကူ နောက်ပါတပည့် ရဟန်းအပေါင်း
တို့ကို ဘုရားလောင်းပုဏ္ဏားက ဆွမ်းကပ်လှူဒါန်းတဲ့အခါ
"မဂ်လ" ဗုဒ္ဓဘုရားရှင်က ဗျာဒိတ်ပေးတော်မူ
ခဲ့တယ်--

* တိုင်းပြည် = "ဥတ္တရတိုင်း"
* ခမည်းတော် = "ဥတ္တရမင်း"
* မယ်တော် = "ဥတ္တရာ"မိဖုရား
* မွေးဖွားသည့်နေ့ = ကြာသပတေးနေ့
* ကြင်ယာတော် = "ယသဝတီ"
* သားတော် = "သီဝလ"
* တောထွက်သည့်အခါ
  စီးသည့်ယာဉ် = အာဇာနည်မြင်း
* ဒုက္ကရစရိယာ
  ကျင့်ရသည့်ကာလ= ရှစ် လ
* ဗုဒ္ဓဘုရားဖြစ်တော်မူရာ
  ဗောဓိပင် = ကံ့ကော် ဗောဓိပင်
* အရပ်တော်အမြင့် = ဂဂ တောင်
* အလုပ်အကျွေး
  တပည့်ရဟန်း = ရှင်ပါလိတ
* လက်ယာရံ
  တပည့်ရဟန်း = ရှင်သုဒေဝ
* လက်ဝဲရံ
  တပည့်ရဟန်း = ရှင်ဓမ္မသေန
* သက်တော် = နှစ်ပေါင်းကိုးသောင်း

ပန်းချီ
သူတော်ကောင်းစာတိ တရားမြတ်
လွှမ်းပတ်ကမ္ဘာတည်ပါစေ
ဖုန်း ၀၉ ၅၀၆၀၁၀၇

နှစ်ကျိုတ်ရှစ်ဆူ ဗုဒ္ဓမြတ်စွာဘုရားရှင်တို့၏ ဗုဒ္ဓဝင် ကိုရေးဆွဲဖော်ပြရာတွင် စာမျက်နှာမလောက်ငဲ့၍ ကျန်ရှိသော ဗုဒ္ဓဘုရားရှင်(၂၂)ဆူတို့၏ ဗုဒ္ဓဝင်ကို ရှေ့လ(၂၀၁၂-မတ်လ)ထုတ် ရွှေမောင်း ဓမ္မရသသုတရုပ်စုံ အမှတ်စဉ်(၉) ၌ ဆက်လက်ဖတ်ရှုနိုင်ကြပါသည်။

http://www.dhammadownload.com

ShweMong Colourful MiniComic No. 8 January 2012

အလိုတော်ပြည့်စာပေမှ ထွက်ရှိပြီးစာအုပ်များ


ရွှေမောင်း အမှတ်စဉ် (၁)
ဇူလိုင်လ၊ ၂၀၁၁
"သြကာသ--ဟူသည်"

"သြကာသ"ကန်တော့ခြင်းကို အဓိပ္ပါယ်အလုံးစုံသိရှိကြစေရန်အတွက် သမ္ဘပ်ဖော်ရေးဆွဲထားပါသည်။




ရွှေမောင်း အမှတ်စဉ် (၂)
သြဂုတ်လ၊ ၂၀၁၁
"ငရဲ--ဟူသည်"

"ငရဲ"ဘုံမှ ငရဲကြီးရက်ထပ် နှင့် ငရဲသင်္ချာအကြောင်း မြည့်စုံစွာဖော်ပြရေးဆွဲထားပါသည်။




ရွှေမောင်း အမှတ်စဉ် (၃)
စက်တင်ဘာလ၊ ၂၀၁၁
"ပြိတ္တာ--ဟူသည်"

"အပါယ်"ဘုံမှ "ပြိတ္တာ"တို့၏ အကြောင်းကို သိစေရန်ဥပမာဇာတ်တော်ဖြင့် ရေးဆွဲတင်ပြရင်းလင်းထားပါသည်။



ရွှေမောင်း အမှတ်စဉ် (၄)
အောက်တိုဘာလ၊ ၂၀၁၁
"ကာယဒုစရိုက်--ဟူသည်"

"အပါယ်"ဘုံသို့ ကျရောက်စေတတ်သော မကောင်းမှု "ဒုစရိုက် ၁၀ ပါး"အနက်မှ "ကာယဒုစရိုက် ၃ ပါး"အကြောင်းကို ရေးဆွဲတင်ပြထားပါသည်။



ရွှေမောင်း အမှတ်စဉ် (၅)
နိုဝင်ဘာလ၊ ၂၀၁၁
"ဝစီဒုစရိုက်--ဟူသည်"

"အပါယ်"ဘုံသို့ ကျရောက်စေတတ်သော မကောင်းမှု "ဒုစရိုက် ၁၀ ပါး"အနက်မှ "ဝစီဒုစရိုက် ၄ ပါး"အကြောင်းကို ရေးဆွဲတင်ပြထားပါသည်။




ရွှေမောင်း အမှတ်စဉ် (၆)
ဒီဇင်ဘာလ၊ ၂၀၁၁
"မနောဒုစရိုက်--ဟူသည်"


"အပါယ်"ဘုံသို့ ကျရောက်စေတတ်သော မကောင်းမှု "ဒုစရိုက် ၁၀ ပါး"အနက်မှ "မနောဒုစရိုက် ၃ ပါး"အကြောင်းကို ရေးဆွဲတင်ပြထားပါသည်။



ရွှေမောင်း အမှတ်စဉ် (၇)
ဇန်နဝါရီလ၊ ၂၀၁၂
"ကောသလမင်းကြီး၏ အိပ်မက်(၁၆)ချက်"



ရွှေမောင်း အမှတ်စဉ် (၈)
ဖေဖော်ဝါရီလ၊ ၂၀၁၂
"နှစ်ကျိတ်ရှစ်ဆူ--ဟူသည်"



လပေး မှာယူလိုသူများ အတွက် ဖော်ပြပါနှုန်းအတိုင်း ငွေကြိုသွင်းစနစ်ဖြင့်မှာယူပါက (ရန်ကုန်မြို့တွင်း)အိမ်အရောက် ပို့ပေးပါမည်။ နယ်/ရပ်ဝေးမှ မှာယူလိုပါက စာအုပ် အတွက်ကျသင့်ငွေအပြင် စာတိုက်မှ စာပို့ခ ကိုပါ စာတိုက်မှငွေကြိုပို့ပေးရပါမည်။

၆ လစာ(၆ အုပ်)အတွက်	၃၀၀၀ ကျပ်
၁၂ လစာ(၁၂ အုပ်)အတွက်	၆၀၀၀ ကျပ်

နှစ်ကျိတ်ရှစ်ဆူ--ဟူသည်

နှစ်ကျိတ်ရှစ်ဆူ--ဗုဒ္ဓမြတ်စွာဘုရားရှင်များ၏ "ဗုဒ္ဓဝင်"ကို အကျဉ်းမျှသာဖော်ပြရသည်ဟု ဆိုပါသော်လည်း သိသင့်သည့်အချက်အလက်များကို ပြည့်စုံအောင် ဖော်ပြရေးဆွဲသရုပ်ဖော်ရသည်ဖြစ်၍ စာမျက်နှာအားဖြင့် မလောက်ငသောကြောင့် တစ်လစာဖြင့် မလုံလောက်ဘဲ နှစ်လစာဆက်တိုက် ရေးဆွဲဖော်ပြရခြင်းအတွက် ပရိသတ်များက နားလည်ပေးစေချင်ပါသည်။ မည်သို့ပင်ဖြစ်စေ နှစ်ကျိတ်ရှစ်ဆူဗုဒ္ဓဘုရားရှင်များ၏ "ဗုဒ္ဓဝင်"ကို သိသင့်သလောက် သိနိုင်ကြစေဖို့ "စေတနာ"အရင်းခံဖြင့်သာ ရေးဆွဲတင်ပြခြင်းသာဖြစ်ပါကြောင်း။

အထူးအစီအစဉ်

ရွှေမောင်း ခမ္မရသသုတ ရုပ်စုံ ကို စာသင်ကျောင်းများ၊ ဘာသာရေးအသင်းအဖွဲများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ မှ အလိုရှိပါလျှင် အထူးနှုန်းဖြင့် ဈေးနှုန်းလျှော့ကာ ရောင်းချပေးမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ စောင်ရေ(၁၀၀)နှင့် အထက် "ခမ္မဒါန"ပြုလိုသူများအတွက် အလှူရှင်အမည် ကို ထည့်သွင်းပုံနှိပ်ပေးမည်ဖြစ်ပြီး (ရန်ကုန်မြို့တွင်း)မှာယူသူများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါမည်။ အနယ်နယ်အရပ်ရပ် မှ မှာယူလိုသူများကို စောင်ရေ (၁၀၀) အထက်မှာယူလျှင် ပို့ဆောင်ခ အပါအဝင် စာအုပ်တန်ဖိုးကို ကြိုတင်ငွေပို့ စနစ်ဖြင့်မှာယူနိုင်ပါသည်။

ငွေကြိုတင်ပို့ခြင်းအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်(ရွှေဗဟိုပလာဇာ)တာမွေဘဏ်ခွဲ ။ M.O.B (တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ) ။ ကမ္ဘောဇဘဏ်(တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ) သို့ "ငွေလွှဲ" ပေးပို့နိုင်ပြီး ငွေလွှဲပေးပို့ခြင်းအား "အလိုတော်ပြည့်စာပေ" ဦးစိုးပိုင်၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၅၇၀၉၇ ။ ဒေါ်မြင့်မေ၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၄၂၁၅၅ ။ ဖုန်း ၀၉ ၇၃၀ ၅၄၇၅၉ ။ ၀၉ ၅၀၆၀၁၀၇ သို့ ဆက်သွယ်ပေးပို့စေလိုပါသည်။

အထူးသတိပြုရန်မှာ စာအုပ်မှာကြားသည့်အခါ ပေးပို့ရမည့်လိပ်စာ အပြည့်အစုံ နှင့် ပေးပို့ရမည့် စာအုပ်အမှတ်စဉ် ကို ဖော်ပြပေးရမည်ဖြစ်ပါသည်။

ပြည်လုံးကျွတ်ဖြန့်ချိရေး

အလိုတော်ပြည့် စာပေ

အမှတ်(၂၇)-၅လွှာ၊ ၁၅၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀၅၄၇၅၉ ။

တန်ဖိုး ၅၀၀ ကျပ်

ထုတ်ဝေသူ ဦးဟန်စိန်၊ ကျိတော်လစဉ်၊ ၀၄၁၂၇၊ အခန်း(၄၀၁)၊ တိုက်(၂၆)၊ ၁၂ လမ်း(ဘီ)၊ ယုနေဥယျာဉ်အိမ်ရာ၊ ၄၉ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။
အတွင်း နှင့် မျက်နှာဖုံး၊ ပုံနှိပ်သူ ခေါင်စီ(၀၃၄၀)မေတ္တာမိုးပုံနှိပ်တိုက်၊ အမှတ် ၁၉ ၊ ဒေါ်ဖြားရှင်လမ်း၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။
၂၀၁၂ ၊ ဖေဖော်ဝါရီလ ၊ ပထမအကြိမ် ၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး (၅၀၀)ကျပ်။

Cyan Magenta Yellow Black